ရေဗွာ အမျိုးသမီးအဖွဲ့၏ သတင်း ထုတ်ပြန်ချက်

**အမျိုးသမီးများအပေါ် စစ်တပ်က လိင်မှုဆိုင်အကြမ်းဖက်မှု ဆန့်ကျင်လှုပ်ရှားမှုအား အာဏာပိုင်များ နှိပ်ကွက်ခြင်းကို ရပ်တန့်ပေး**

**၂၀၁၄ ခုနှစ်၊ ဇူလိုင် (၇)**

ဇွန်လ (၁၀) ရက်နေ့တွင် အသက် (၅၄)နှစ်ရှိ ရေဗွာ အမျိုးသမီးတစ်ဦးအား ခလရ ၂၆၉ မှ တပ်မတော်သား တစ်ဦးက မုဒိမ်းကျင့် ရန်ကြိုးစားရာ မိမိကိုယ်ကိုခုခံရာတွင် ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ပြီး ရေဗွာ ပြည်သူ့ဆေးရုံတွင် ဆေးရုံတင်ကုသမှု ခံယူလျက်ရှိပါသည်။ တပ်မတော်သားအား ဖမ်းဆီးထားပြီးဖြစ်သော်လည်း ခါတိုင်းကဲ့သို့ပင် အရေးယူမှုတကယ်မလုပ်ပဲ လွှတ်သွားမည်ကို ဒေသခံများ အနေဖြင့် စိုးရိမ်နေကြပါသည်။ ထို့ကြောင့် ရေဗွာ အမျိုးသမီးအဖွဲ့သည် ဇွန်လ (၁၅၊၁၆)ရက်နေ့တွင် ရေဗွာ ရဲစခန်းသို့ စခန်းပြခွင့် တောင်းယူခဲ့ကြရာ အပယ်ချခံခဲ့ကြပါသည်။

ဇွန်လ (၁၇)ရက်နေ့တွင် ရေဗွာအမျိုးသမီးခေါင်းဆောင် နှစ်ဦးသည် မတူပီသို့သွား၍ ထိုမှ အမျိုးသမီးအဖွဲ့နှင့် တွေ့ဆုံတိုင်ပင်ခဲ့ ကြပါသည်။ ဇွန်လ (၁၉)တွင် မတူပီရဲစခန်းသို့ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခွင့် တောင်းသော်လည်း ခွင့်မရရှိခဲ့ပါ။ ထို့အပြင် အမျိုးမျိုး ခြိမ်းခြောက်ခြင်းကို ခံခဲ့ကြရပါသည်။

ဇွန်လ (၁၈) ရက်နေ့တွင် မတူပီမှ အုပ်ချုပ်ရေးမှူးနှင့် စစ်ဗျူဟာမှူးတို့ဦးဆောင်သော အာဏာပိုင်အဖွဲ့သည် ရေဗွာသို့ သွားရောက် ကာ အစော်ကားခံအမျိုးသမီး၏ ယောက်ျားအပါအဝင် ရေဗွာမြို့မှ လူထုခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့ကြရာ လင်ဖြစ်သူအား ငွေ ကျပ် တစ်သိန်းနှင့် ယှမ်ယှမ်ခေါက်ဆွဲ ဆယ့်ငါးထုတ်ကို လျော်ကြေးတစ်ဖြစ် လက်ဆောင်ပေးပြီး အမှုပြေလည်ရာ ပြေလည် ကြောင်း ညှိနှိုင်းခဲ့ကြပါသည်။ ရေဗွာ အုပ်ချုပ်ရေးမှူးမှ ယခုကဲ့သို့ ဆန္ဒပြမည်ဆိုလျှင် ရေဗွာမြို့အတွက် ဖွံ့ဖြိုးရေးစီမံကိန်းများကို ၅ နှစ် - ၁၀ နှစ် နောက်ကျသွားမည်ဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့က ပစ်ခတ်ဖမ်းဆီးမည် ဆိုလျှင်လည်း မိမိတာဝန်မခံနိုင်ကြောင်းဖြင့် ပြောဆို ခြိမ်းခြောက်ခဲ့သည်။

ဇွန်လ (၂၃)ရက်နေ့တွင် မိမိတို့ ရေဗွာ အမျိုးသမီးအဖွဲ့သည် လူပေါင်း (၄၀၀) ပတ်ဝန်းကျင် ပါဝင်သော ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ပွဲ ကို ပြုလုပ်ခဲ့ပါသည်။ ဇွန် (၂၅)တွင် အမျိုးသမီးခေါင်းဆောင် နှစ်ဦး မတူပီသို့ အသွားကို ရဲတပ်ဖွဲ့မှ တောတစ်နေရာ လမ်းခုလတ်တွင် ဖမ်းဆီးခေါ်ဆောင်လာကြပြီး အခြား အမျိုးသမီးခေါင်းဆောင် နှစ်ဦးနှင့်အတူ စခန်းတွင် စစ်ဆေးမေးမြန်းပြီး နောက် ပါစတာများ၏ အာမခံလက်မှတ်ရေးထိုးပေးခြင်းဖြင့် ပြန်လွှတ်ပေးကြသည်။

ဇွန် (၂၉)တွင် မတူပီမှ မြို့နယ်အုပ်ချုပ်ရေးမှူး ရေဗွာသို့ ရောက်ရှိလာပြီး (၃၀)တွင် ရွာလူကြီးများနှင့် အစည်းအဝေးခေါ်ကာ အဆိုပါ အမျိုးသမီးခေါင်းဆောင် (၄)ဦးကို ဖမ်းဆီး အရေးယူသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဇူလိုင် (၂)ရက်နေ့တွင် မတူပီ တရားရုံးသို့ ခေါ်ယူခံရပြီး ဇူလိုင် (၃)တွင် ရဲတပ်ဖွဲ့နှင့်အတူ အမျိုးသမီး ခေါင်းဆောင် (၄)ဦး မတူပီ ရောက်ရှိကာ မနက်ဖြန်တွင် တရားရုံး သွားကြသည်။ ရှေ့နေရှေ့ရပ် လိုအပ်လျှင် အချိန်ပေးမည်ဟု တရားသူကြီးမှ ပြောကြားလာသဖြင့် ရှေ့နေ လိုပါကြောင်း လျှောက်ထားကြကာ ဇူလိုင် (၈) ရက်နေ့တွင် ရုံးပြန်ချိန်းလျက် ရှိနေကြပါသည်။

မတူပီသို့ သွားစဉ်တွင် ကြာမည်မဟုတ်ပါဟု ပြောသဖြင့် လဲလှယ်ရန် အဝတ်အစားအများ မယူသွားခြင်း၊ ခေါင်းဆောင် နှစ်ဦး ဖြစ်သော ဒေါ် တင်တင်ရီ နှင့် ဒေါ် ကော်ထွေးတို့သည် ကျောင်းနေကလေးများရှိခြင်း၊ အိမ်မှုကိစ္စ အဝဝ ကောင်းမွန်စွာ စီမံမထားရ သေးခြင်း၊ လမ်းခရီးတွင် မိုးပြင်းထန်သောကြောင့် နာမကျန်းဖြစ်ခြင်းများတို့ကြောင့် မတူပီတွင် နေထိုင်ရသည်မှာ အလွန် အခက်အခဲ တွေ့နေကြပါသည်။

မိမိတို့နှင့်အတူ စည်းလုံးညီညွတ်မှုကို ပြသ၍ မတူပီတွင်လည်း ဆန္ဒထုတ်ဖော်မှုကို ဇွန်လ (၂၄)တွင် ပြုလုပ်ကြရာ ၎င်းကို ဦးဆောင်ကြသော အမျိုးသမီး ခေါင်းဆောင် နှစ်ဦးနှင့် လူငယ် ခေါင်းဆောင် နှစ်ဦးတို့ကိုလည်း ပုဒ်မ (၁၈)ဖြင့် တရားစွဲဆိုထားကြပါသည်။

ကျွန်တော်တို့ ရေဗွာအမျိုးသမီးအဖွဲ့အနေဖြင့် အဆိုပါ ခေါင်းဆောင်များ တရားစွဲထားခြင်းကို အမျိုးသမီး လုံခြုံရေး တောင်းဆိုချက်အား မကောင်းမှုဖြင့် တုံ့ပြန်သည်ဟု ခံစားရပြီး အမျိုးသမီး ဘဝလုံခြုံရေး တောင်းဆိုချက်ကို အလေးထား ဆောင်ရွက်ပေးရန်၊ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် နှိပ်ကွက်ခြင်းကို ရပ်တန့် တောင်းဆိုပါသည်။ တရားခံကိုလည်း ပြစ်ဒဏ်သေချာ ချမှတ်ပေးရန်နှင့် နောက်နောင်တွင် ဤကဲ့သို့သော စစ်တပ်မှ ဒေသခံ အမျိုးသမီးများအား အနိုင်ကျင့် မုဒိမ်းကျင့်ခြင်းကို အဆုံးသတ်စေရန် အာမခံချက် ကတိကဝတ်များကို အာဏာပိုင်များအား ထပ်မံတောင်းဆိုလိုက် ပါသည်။

ဆက်သွယ်ရန်

ငွန်ချင်းပါရ် - ဖုန်း 013334512 (ဆိုင်မှတဆင့် ခေါ်ရန်ဖြစ်သည်)
ရွှေရွှေကြည် -